## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နည်းလမ်းအဆင့်များ

၁။ နိုင်ငံခြားကုမ္ပဏီသည် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာနိုင်ငံသံရုံးထောက်ခံချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာနသို့ ပြည်ထောင်စုဝန်ကြီးနှင့် ဂါရဝပြုတွေ့ဆုံခွင့် တောင်းခံ၍ မြန်မာနိုင်ငံတွင် သတ္တုကဏ္ဍ၌ ရင်းနှီး မြှုပ်နှံမှုအခွင့်အလမ်းများကို ဆွေးနွေးရန်။

၂။ နိုင်ငံခြားကုမ္ပဏီများသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် တွေ့ဆုံဆွေးနွေးပြီး ဆောင်ရွက်လိုသည့် သတ္တုနှင့် နေရာဒေသများကို ဆွေးနွေးရန်၊ တွေ့ဆုံဆွေးနွေးမှုကို ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန်၊

၃။ ကုမ္ပဏီသည် ဆောင်ရွက်လိုသည့်သတ္တုဖြစ်ထွန်းရာဒေသများသို့ ပဏာမကွင်းဆင်းလေ့လာရေးခရီး သွားရောက်လိုပါက သံရုံးထောက်ခံစာ၊ ကိုယ်တိုင်အာမခံဝန်ခံကတိ၊ ပတ်စ်ပို့မိတ္တူများကို ပူးတွဲပြီး ၂ ပတ်ကြိုတင်၍ ဝန်ကြီးဌာနသို့တိုက်ရိုက်လျှောက်ထားခွင့်ပြုချက်ရယူရန်နှင့် မိတ္တူကို ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနသို့ပေးပို့ရန်၊ ကွင်းဆင်းရာတွင်ဘဏရမှ တာဝန်ရှိသူများလိုက်ပါ၍ ကွင်းဆင်းဆောင်ရွက်ရန်။

၄။ နိုင်ငံခြားကုမ္ပဏီများသည် ပဏာမကွင်းဆင်းလေ့လာရေးခရီးဆောင်ရွက်ပြီးပါက ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန နှင့် တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံတွင် ဓာတ်သတ္တုကဏ္ဍာရင်းနှီးမြှုပ်နှံလိုမှုအတွက် ဆောင်ရွက်ရမည့် ဓာတ်သတ္တုရှာဖွေခြင်း (Mineral Prospecting)၊ စမ်းသပ်တိုင်းတာခြင်း၊ (Mineral Exploration)၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း (Feasibility Study) စသည့် လုပ်ငန်းစဉ်များကို သတ္တုအမျိုးအစား၊ ဆောင်ရွက်လိုသည့်ဧရိယာများကို ဖော်ပြ၍ ဝန်ကြီးဌာနသို့ ဆောင်ရွက်ခွင့်ကို ကနဦးခွင့်ပြုနိုင်ရေး တင်ပြရန်။

၅။ ဝန်ကြီးဌာနသို့တင်ပြရာတွင် အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာ ဖော်ပြရန်-

(က) ဆောင်ရွက်လိုသည့်ဒေသ မြေပုံနယ်နိမိတ်နှင့် ဧရိယာ။ (Location map with coordinates)

( ခ) မြန်မာနိုင်ငံရှိ သက်ဆိုင်ရာနိုင်ငံသံရုံး၏ထောက်ခံစာ။ ( Embassy recommendation)

( ဂ) သက်ဆိုင်ရာနိုင်ငံတွင် ကုမ္ပဏီမှတ်ပုံတင်အထောက်အထား (Company Registration)။

(ဃ) ကုမ္ပဏီဖွဲ့စည်းပုံ (Company Profile)။

( င) ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ စာရင်း နှင့်ပတ်စ်ပို့မိတ္တူ (Board of Director List and Their Passport Copy)။

(ဆ) ငွေကြေးခိုင်မာမှုအထောက်အထား (Bank Statement)။

( ဇ) ရင်းနှီးမြှုပ်နှံမည့်ငွေပမာဏ (Financial Investment)။

၆။ ဝန်ကြီးဌာနမှ သဘောတူခွင့်ပြုချက်ရရှိပါက ကုမ္ပဏီသည် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနနှင့် အသေးစိတ်တွေ့ဆုံညှိနှိုင်း၍ ဆောင်ရွက်မည့်ဧရိယာအသေးစိတ်ညှိနှိုင်းခြင်း၊ ဝန်ကြီးဌာနမှ သတ်မှတ်ထားသော သဘောတူစာချုပ်(မူကြမ်း)ကိုပြင်ဆင်တင်ပြရန်၊ သဘောတူစာချုပ်(မူကြမ်း)တွင် ကုမ္ပဏီမှ ပေးသွင်းရမည့် မြေငှားရမ်းခ(Dead Rent)၊ လက်မှတ်ရေးထိုးဆုကြေးငွေ (Signature Bonus)၊

ဘဏ်အာမခံငွေ (Performance Guarantee)၊ အနည်းဆုံးသုံးစွဲရမည့်ငွေကြေး (Minimum Expenditure)၊ ဆောင်ရွက်မည့်ကာလ(Duration)စသည်တို့ကို အသေးစိတ်ညှိနှိုင်းပြီး သဘောတူစာချုပ် (မူကြမ်း)ကို ဘူမိဗေဒလေ့လာရေး နှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန မှ စိစစ်ရန်။

၇။ အဆိုပါသဘောတူစာချုပ်(မူကြမ်း)ကို ဝန်ကြီးဌာနစာချုပ်စိစစ်ရေးကော်မတီသို့ ပေးပို့ရန်နှင့် စာချုပ်စိစစ်ရေး ကော်မတီမှ စိစစ်ပြီး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနသို့ ပြန်လည် ပေးပို့ရန်။

၈။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ဝန်ကြီးဌာန စာချုပ်စိစစ်ရေးကော်မတီ စိစစ်ပြီးသော သဘောတူစာချုပ်(မူကြမ်း)ကို ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရန်၊ ဝန်ကြီးရုံး၏ခွင့်ပြုပြီး ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့ စာချုပ်(မူကြမ်း) ပေးပို့၍ သဘောထားမှတ်ချက်တောင်းခံရန်။

၉။ ထိုသို့ ပေးပို့ထားသည့်ကာလတွင် ကုမ္ပဏီမှ အောက်ဖော်ပြပါ အထောက်အထား၊ စာရွက်စာတမ်းများကို ကုမ္ပဏီ၏ အစီအစဥ်ဖြင့်ဆောင်ရွက်ရယူထားရန်-

(က) သက်ဆိုင်ရာ တိုင်း/ပြည်နယ် အစိုးရများ၏ သဘောထားထောက်ခံချက်။

( ခ) သက်ဆိုင်ရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားထောက်ခံချက်။

(ဂ) သက်ဆိုင်ရာ မြို့နယ် သစ်တောဦးစီးဌာန၏ သဘောထားထောက်ခံချက်။

၁၀။ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး တို့မှ သဘောတူစာချုပ်(မူကြမ်း)အား အတည်ပြုကြောင်း (သို့မဟုတ်) ပြင်ဆင်ရန်လိုကြောင်း ပြန်ကြား လာပါက ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန မှ ပြင်ဆင်အတည်ပြုပြီးသော သဘောတူစာချုပ်(မူကြမ်း)ကို ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးသို့ တင်ပြရန်။

၁၁။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုပြီး၊ ထောက်ခံချက်များ ပြည့်စုံပါက သဘောတူစာချုပ် (မူကြမ်း)ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက် တင်ပြရန်။

၁၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှခွင့်ပြုပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ရန်။

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးရန်။

၁၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိပြီးပါက ဌာနဆိုင်ရာအကြီးအကဲနှင့် တစ်ဖက်ကုမ္ပဏီ အကြီးအကဲတို့ သဘောတူစာချုပ်ကို နှစ်ဖက်လက်မှတ်ရေးထိုးချုပ်ဆိုရန်။

၁၅။ ဝန်ကြီးဌာနမှ ခွင့်ပြုမိန့်ထုတ်ပေးရန်။

၁၆။ နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး လုပ်ငန်း/ဦးစီးဌာနနှင့် ကုမ္ပဏီတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး ကော်မတီကို ဝန်ကြီးရုံး၏ ခွင့်ပြုချက်ရပြီး ဖွဲ့စည်းပြီး ၁လ အတွင်း လုပ်ငန်းဆောင်ရွက်ရန်။

၁၇။ လုပ်ငန်းကာလတိုးချဲ့လျှောက်ထားလိုပါက စာချုပ်သက်တမ်းမကုန်ဆုံးမီ ၃ လကြိုတင် တင်ပြရန်။

၁၈။ လုပ်ငန်းကာလပြီးဆုံးပါက ခွင့်ပြုမိန့်များအား တစ်လအတွင်းပြန်လည်အပ်နှံစေရန်။

၁၉။ သတ္တုတူးဖော်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်ရှိပါက သက်ဆိုင်ရာလုပ်ငန်းဌာနများနှင့် ဆက်လက် ညှိနှိုင်းဆောင်ရွက်ရန်။